# ဦးစိုင်းအောင်ထွန်း



## (အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးပညာ)

### ကိုယ်ရေးမှတ်တမ်းအကျဉ်း

မွေးရာဇာတိ

ဦးစိုင်းအောင်ထွန်းသည် ၁၉၃၂–ခုနှစ်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် တာပုတ်ကျေးရွာ၌ မွေးဖွားခဲ့သည်။ လက်သမားဆရာဦးစံမိုးနှင့်ခေါ်ပုတ်သည်ဒေါ် နန်းထွန်းတို့၏ သားကြီးဖြစ်သည်။

ပညာသင်ကြားခဲ့ခြင်း

(၁) ၁၉၃၈–ခုနှစ်မှ ၁၉၄၂–ခုနှစ်အထိ သီပေါမြို့ မူလတန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။

(၂) ၁၉၄၇–ခုနှစ်မှ ၁၉၅၀–ပြည့်နှစ်အထိ သီပေါမြို့ မော်ဒင်အလွတ်ပညာသင်ကျောင်းတွင် ဆက်လက်ပညာသင်ကြားခဲ့သည်။

(၃) ၁၉၅၀–ပြည့်နှစ်မှ ၁၉၅၂–ခုနှစ်အထိ သီပေါမြို့ အစိုးရအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။

(၄) ၁၉၅၂–ခုနှစ်တွင် ၁၀ တန်း အောင်မြင်သည်။

(၅) ၁၉၅၂–ခုနှစ်မှ ၁၉၅၇–ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားသည်။

(၆) ၁၉၅၇–ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအေဂုဏ်ထူးဘွဲ့ကို ရရှိသည်။

(၇) ၁၉၅၈–ခုနှစ်မှ ၁၉၆၀–ပြည့်နှစ်အထိ အမေရိကန်ပြည်ထောင်စု၊ ကိုလိုရာဒိုပြည်နယ်၊ ဒင်းဗားတက္ကသိုလ်တွင် ဆက်လက်ပညာသင်ကြားသည်။

(၈) ဒင်းဗားတက္ကသိုလ်တွင် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးပညာ မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။

နိုင်ငံ့ဝန်ထမ်းဘဝ

(၁) ၁၉၅၇–ခုနှစ်မှ ၁၉၅၈–ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်သမိုင်းဌာနတွင် နည်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

(၂) ၁၉၆၀–ပြည့်နှစ်မှ ၁၉၆၄–ခုနှစ်အထိ တောင်ကြီးကောလိပ်သမိုင်းဌာနတွင် လက်ထောက်ကထိကအဖြစ်လည်းကောင်း၊

(၃) ၁၉၆၄–ခုနှစ်မှ ၁၉၆၅–ခုနှစ်အထိ မန္တလေးတက္ကသိုလ်သမိုင်းဌာနတွင် လက်ထောက်ကထိကအဖြစ်လည်းကောင်း၊

E-book is created by www.shanyoma.org

(၄) ၁၉၆၅–ခုနှစ်မှ ၁၉၆၈–ခုနှစ်အထိ တောင်ကြီးကောလိပ် သမိုင်းဌာနတွင် လက်ထောက်ကထိကအဖြစ် လည်းကောင်း၊
(၅) ၁၉၆၈–ခုနှစ်မှ ၁၉၇၀–ပြည့်နှစ်အထိ မကွေးကောလိပ်သမိုင်းဌာနတွင် လက်ထောက်ကထိကအဖြစ် လည်းကောင်း၊
(၆) ၁၉၇၀–ပြည့်နှစ်မှ ၁၉၇၁–ခုနှစ်အထိ မြစ်ကြီးနားကောလိပ်သမိုင်းဌာနတွင် လက်ထောက်ကထိကအဖြစ် လည်းကောင်း၊
(၇) ၁၉၇၁–ခုနှစ်မှ ၁၉၇၂–ခုနှစ်အထိ မန္တလေးတက္ကသိုလ်သမိုင်းဌာနတွင် လက်ထောက်ကထိကအဖြစ် လည်းကောင်း၊
(၈) ၁၉၇၂–ခုနှစ်မှ ၁၉၈၀–ပြည့်နှစ်အထိ မြစ်ကြီးနားကောလိပ်ကျောင်းအုပ်ကြီးအဖြစ်လည်းကောင်း၊
(၉) ၁၉၈၀–ပြည့်နှစ်မှ ၁၉၈၅–ခုနှစ်အထိ ရန်ကုန်မြို့ နိုင်ငံခြားဘာသာသိပ္ပံကျောင်းအုပ်ကြီးအဖြစ်လည်း ကောင်း၊
(၁၀) ၁၉၈၅–ခုနှစ်မှ ၁၉၈၈–ခုနှစ်အထိ နိုင်ငံတော်ကောင်စီဝင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ သည်။

ဝါသနာ

တိုင်းရင်းသား ဘာသာစာပေယဉ်ကျေးမှု တိုးတက်ပြန့်ပွားမှုလုပ်ငန်းရပ်များတွင် စိတ်ပါဝင်စားစွာ ဆောင်ရွက်ခဲ့သည်။

E-book is created by www.shanyoma.org